## အွန်လိုင်းစစ်ဆေးမှုဆိုင်ရာ ရှေ့ပြေး ဆန်းစစ် သုတေသနပြုခြင်းတွင် ပါဝင်ဆောင်ရွက်မည့် ကျောင်းသား၊ကျောင်းသူများ လိုက်နာရန် စည်းကမ်းချက်များ

၁။ အင်တာနက်ကောင်းမွန်စွာရရှိပြီး ဘေးကင်းလုံခြုံသည့် နေရာတွင် သီးသန့်နေရာ စီစဉ်ထားရှိရမည်။ ထိုနေရာသည် စာဖြေသူ၏ မျက်နှာနှင့် ဖြေဆိုနေသည့် Device ကိုပါ ကောင်းစွာမြင်နိုင်သည့် အလင်းရောင် ရှိရပါမည်။ ဖြေဆိုမည့်နေရာ ပတ်ဝန်းကျင်တွင် မှတ်စု၊ ပုံသေနည်း၊ ရုပ်ပုံ စသည့် ရေးမှတ်ထားသည်များ မရှိစေရန် ရှင်းလင်းထားရမည်။

၂။ ဖြေဆိုသည့် နေရာတွင် အသုံးပြုရမည့် Device ၂ခု နှင့် ဘာသာရပ်အလိုက်လိုအပ်သည့် ပစ္စည်း(ဥပမာ- Calculator) များမှ အပ အခြားသော အီလက်ထရောနစ်ပစ္စည်းများ ၊ မှတ်စုစာအုပ်များ၊ ဖတ်စာအုပ်များ၊ စာရွက်စာတမ်းများ မရှိစေရ။

၃။ Zoom သို့ ဝင်ရောက်ရာတွင် မိမိ၏ ID code ဖြင့်သာဝင်ရောက်ရမည်။ ID code မဟုတ်ပါက ဝင်ရောက်ခွင့်မပေးပါ။ ထို့ကြောင့် Zoom သို့ မဝင်ရောက်မီ Zoom Name ကို မိမိ၏ ID ပြောင်းလဲထားရမည်။

၄။ ဖြေဆိုမည့် အချိန်တွင် သက်ဆိုင်ရာ Zoom သို့ ၁၀မိနစ်ခန့် စော၍ ရောက်ရှိရမည်။ ၁၅မိနစ်ထက် နောက်ကျသော စာဖြေသူများကို ဝင်ရောက်ခွင့်ပြုမည် မဟုတ်ပဲ နောက်တစ်ချိန်မှသာ ဖြေဆိုရမည်။

၅။ Zoom သို့ရောက်ရှိပါက **လက်ထောင်ခြင်း(Raise Hands) ပြုလုပ်၍** အခန်းစောင့် ဆရာ/မ ထံ သတင်းပို့ပြီး ပတ်ဝန်းကျင်နှင့် ဖြေဆိုမည့် နေရာ ၊ အသုံးပြုမည့် Device နှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ပြသပေးရမည်။

၆။ စစ်ဆေးမှု ပြုလုပ်နေသည့် အချိန်တွင် ဖြေဆိုသည့် နေရာတွင် ဖြေဆိုသူ တစ်ဦးသာ ရှိရမည်။ မည်သူမျှ ဝင်ထွက်သွားလာခြင်း မရှိစေရ။ **(မှတ်ချက်- မြေပြင်ကျောင်းများမှ နေရာအခက်အခဲ ရှိပါက ဖြေဆိုသူအချင်းချင်း အကွာအဝေးတစ်ခုနှင့် ဖြေဆိုရမည်။)**

၇။ ဖြေဆိုရာတွင် Zoom မှ စောင့်ကြည့်နေမည် ဖြစ်သလို Camera ဖြင့် ကျောင်းသား/သူများ၏ ဖြေဆိုမှုကို မှတ်တမ်းတင်ထားမည် ဖြစ်သည့်အတွက် မေးခွန်းမူကြမ်းများကို ကူးယူခြင်း၊ ဓာတ်ပုံရိုက်ယူခြင်း (လုံးဝ) မပြုလုပ်ရပါ။

၈။ အခြားသူ တစ်ဦးတစ်ယောက်ထံမှ အကူအညီ ရယူဖြေဆိုခြင်း (လုံးဝ)မပြုလုပ်ရပါ။

၉။ ဖတ်စာအုပ်များ၊ မှတ်စုစာအုပ်များ၊စာရွက်စာတန်းများကို ကြည့်ရှုဖြေဆိုမှု (လုံးဝ) မပြုလုပ်ရပါ။

၁၀။ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သဖြင့် အချိန်မဆွဲဘဲ ဖြေဆိုရမည်။

၁၁။ ပေးထားသည့် အချိန်အတွင်း မေးခွန်းများအားလုံးကို အစမှအဆုံး ပြီးဆုံးအောင် ဖြေဆိုရန်

၁၂။ ရုတ်တရက် နေမကောင်းခြင်း/ အရေးပေါ်အခြေအနေမှ လွဲ၍ စတင်ဖြေဆိုချိန်မှ ပြီးဆုံးချိန်အထိ Zoom အတွင်းနှင့် ဖြေဆိုနေသည့် ဖုန်း/ကွန်ပျူတာ ကင်မရာ(webcam ) ရှေ့မှ ထွက်ခွာခြင်း မပြုရ။

၁၃။ လုံခြုံရေးအရ ဤသုတေသနနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မေးခွန်းများ၊ Zoom links၊ videos များ၊ စည်းကမ်းချက်များ စသည်တို့ကို Online/Media ပေါ်တွင်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကို ဖြစ်စေမျှဝေခြင်း (Share) (လုံးဝ) မပြုလုပ်ရပါ။

## နည်းပညာဆိုင်ရာ အကြံပြုချက်များ

၁။ Internet browser အမျိုးမျိုးရှိသည့်အနက် Chrome browser ကို အသုံးပြုရန် အကြံပြုပါသည်။ သို့သော် မိမိအင်တာနက်လိုင်းအခြေအနေအရ မိမိဖုန်း/ကွန်ပျူတာ စသည့် device များနှင့် အသင့်တော်ဆုံး browser ကို အသုံးပြုနိုင်ပါသည်။

၂။ Zoom အသုံးပြုမည့် Device တွင် Zoom application ကိုသွင်းထားရမည်။ သွင်းထားပြီးဖြစ်ပါက နောက်ဆုံး update လုပ်ထားရမည်။ Account မရှိပဲ Join မည်ဆိုပါက Name အား မိမိ ID ပြောင်းလဲ ထားပြီးမှသာ ဝင်ရောက်ရန်။ Account ပြုလုပ်ထားပါကလဲ Name အား မိမိ ID ပြောင်းလဲ ထားပြီးမှသာ ဝင်ရောက်ရန်လိုပါသည်။

၃။ မေးခွန်း တစ်စုံလျှင် (၂)နာရီကြာ ဖြေဆိုရမည် ဖြစ်သဖြင့် Device ၂ခုစလုံး အားအပြည့် ဖြည့်သွင်းထားရန် လိုပါသည်။

၄။ ဖြေဆိုနေစဉ် အနှောက်အယှက် မဖြစ်စေရန် Facebook , Messenger , TikTok ,Telegram စသော appများမှ Notification များကို ပိတ်ထားရန်လိုပါသည်။

Assessment Team